မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

March 18 , 2026 Volume 100 , Number 12

| ၁၈. ၃. .၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၁.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၄.၁၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၃.၈၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၇၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၃၇ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၆ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပလယ်ယာပို့ကုန်အချို့ ဈေးမြင့်တက်




ဆောင်းရာသီစိုက်ပျိုးသော လယ်ယာထွက်ကုန်များ ဈေးကွက်ဝင်လာချိန် နိုင်ငံတကာရေးရာ အကျပ်အတည်းကြောင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးတွင် စိုးရိမ်မှုများပေါ်ထွက်နေသည်။

မြန်မာ့လယ်ယာပို့ကုန်များနှင့် ပတ်သက်၍လည်း အကျိုးသက်ရောက်မှုရှိလာနိုင်သော်လည်း လက်ရှိအချိန်အထိ ပြည်ပလယ်ယာပို့ကုန်အချို့ ဈေးမာနေဆဲအခြေအနေတွင် ဆက်ရှိနေသည်။

**ဈေးဆက်မာနေသည့် မတ်ပဲနှင့် ပဲတီစိမ်း**

အိန္ဒိယဈေးကွက်သို့ အဓိကတင်ပို့နေသည့် မတ်ပဲက ပြည်ပဈေးကျသော်လည်း ပြည်တွင်းဈေး မြင့်တက်လာသည်။

အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာ စားသောက်ကုန်ဖြစ်သည့် မတ်ပဲက ယခုရက်သတ္တပတ် အိန္ဒိယဈေးကွက်တွင် CNF (cost and freight in shipping ကုန်ကျစရိတ်နှင့် ကုန်စည်ပို့ဆောင်စရိတ်အပါ) ဈေးက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဈေးမြင့်သွားသည်။

အိန္ဒိယနိုင်ငံအတွင်း ဝယ်လိုအားအခြေအနေကြောင့် မတ်ပဲ CNF ဈေးက မတ်ပဲ 2026 FAQ တစ်တန် ဒေါ်လာ ၈၄၀ မှ ၈၆၀၊ မတ်ပဲ 2026 SQ တစ်တန် ဒေါ်လာ ၉၄၀ မှ ၉၆၀ သို့ ဈေးပြောင်းသွားသည်။

မြန်မာနိုင်ငံဈေးကွက်တွင် မတ်ပဲက ပြည်တွင်းဈေးတက်ပြီး ပြည်ပရောင်းချသည့်

FOB စျေးအနည်းငယ် အားပျော့နေသည်။

မတ်ပဲပြည်ပရောင်းချသည့် FOB စျေး တစ်တန် ၁၀ ဒေါ်လာ စျေးကျဆင်းသွားသည်။ရန်ကုန်စျေးကွက်တွင် မတ်ပဲ FOB စျေးက မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၈၀၀-၈၁၀ မှ ၇၉၀-၈၀၀၊ မတ်ပဲ SQ တစ်တန် ဒေါ်လာ ၉၀၀-၉၁၀ မှ ၈၉၀-၉၀၀ သို့ စျေးပြောင်းသွားသည်။ပြည်တွင်းစျေးကွက်တွင် မတ်ပဲစျေးက တစ်တန် ကျပ် ၈၀,၀၀၀ ကျော် စျေးမြင့်တက်လာသည်။

မတ်ပဲ 2025 FAQ တစ်တန် ကျပ် ၂,၉၇၅,၀၀၀ မှ ၃,၀၅၀,၀၀၀၊ မတ်ပဲ 2026 FAQ တစ်တန် ကျပ် ၂,၉၈၅,၀၀၀ မှ ၃,၀၅၈,၀၀၀ သို့ စျေးပြောင်းပြီး မတ်ပဲ ၂၀၂၅ SQ တစ်တန် ကျပ် ၃,၂၄၅,၀၀၀ မှ ၃,၃၈၀,၀၀၀၊ မတ်ပဲ 2026 SQ တစ်တန် ကျပ် ၃,၃၀၅,၀၀၀ မှ ၃,၃၉၀,၀၀၀ သို့ စျေးပြောင်းသွားသည်။

တရုတ်စျေးကွက် ဝယ်လိုအား မျှော်လင့်ချက်ရှိနေသော ပဲတီစိမ်းက စျေးထပ်မံမြင့်တက်လာသည်။ ပဲသစ် စပေါ်ချိန် စျေးကျဆင်းနေရာမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ် စျေးတန်းကိုမမီသေးပေ။လက်ရှိ ပဲတီစိမ်းက နယ်စျေးကွက်တွင် ပိဿာ ၂၀ ကို ကျပ် ၁၂၀,၀၀၀ ကျော်အထိ စျေးရနေသည်ဟု တောင်သူအချို့က ပြောဆိုနေကြသည်။

မြန်မာနိုင်ငံတွင် ဆောင်းသီးနှံအဖြစ် စိုက်ကြေများသော ပဲတီစိမ်းက အိန္ဒိယစျေးကွက်သို့ တင်ပို့နေသော မတ်ပဲ၊ ပဲစင်းငုံထက် စျေးပိုရသည်။ယခုရက်သတ္တပတ် ပဲတီစိမ်းက ပြည်တွင်းစျေးသာမက ပြည်ပစျေးလည်း လိုက်ပါမြင့်တက်လာသည်။

ပဲတီစိမ်း ပြည်ပရောင်းချသည့် FOB (Free On Board) စျေးက ပဲတီစိမ်း FAQ (အညာ) တစ်တန် ဒေါ်လာ ၈၄၀-၈၅၀ မှ ၈၆၀-၈၇၀ သို့ စျေးမြင့်တက်ပြီး ပဲတီစိမ်း FAQ (ရွှေဝါ) တစ်တန် ဒေါ်လာ ၉၄၀-၉၅၀ မှ ၉၆၀-၉၇၀ သို့ စျေးမြင့်တက်သည်။

ပြည်တွင်းစျေးကွက်တွင်လည်း ပဲတီစိမ်း (အညာ) တစ်ပိဿာ ကျပ် ၄၈၃၀- ၄၈၅၀ မှ ၅၀၀၀-၅၀၂၀၊ ပဲတီစိမ်း (ခရမ်းနှင့်ပဲခူး) ရွှေဝါ တစ်ပိဿာ ကျပ် ၅၅၀၀ မှ ၅၈၃၀၊ ပဲတီစိမ်း (ဝါးခယ်မ FAQ) တစ်ပိဿာ ကျပ် ၅၁၆၅-၅၁၈၅ မှ ၅၅၀၀-၅၅၂၀ သို့ စျေးပြောင်းသွားသည်။ မန္တလေးစျေးကွက်တွင် ပဲတီစိမ်း (အညာ) က တစ်တန် ကျပ် ၃,၁၅၀,၀၀၀ ကျော်ဖြင့် စျေးငြိမ်နေသည်။

**ဆီထွက်သီးနှံ နှမ်းနှင့် ပဲပုပ်စျေးအပြောင်းအလဲ**

ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းက ပြည်ပဝယ်အားကြောင့် နှမ်းဖြူနှင့် နှမ်းညို FOB စျေးမြင့်တက်သော်လည်း နှမ်းနက် (စမုန်) က စျေးငြိမ်နေသည်။

ရန်ကုန်စျေးကွက်တွင် နှမ်းဖြူ FOB စျေးက တစ်တန် ဒေါ်လာ ၂၀ စျေးမြင့်တက်ပြီး နှမ်းညိုက တစ်တန် ဒေါ်လာ ၃၀ စျေးမြင့်တက်လာသည်။ နှမ်းနက် (စမုန်) က စျေးငြိမ်နေသည်။ယခုရက်သတ္တပတ် နှမ်းဖြူ FOB စျေးက တစ်တန် ဒေါ်လာ ၁၂၅၅-၁၂၆၅ မှ ၁၂၇၅-၁၂၈၅ သို့ စျေးပြောင်းပြီး နှမ်းညို တစ်တန် ဒေါ်လာ ၁၁၈၀-၁၁၉၀ မှ ၁၂၁၀- ၁၂၂၀ သို့ စျေးပြောင်းသွားသည်။ နှမ်းနက် (စမုန်) က တစ်တန် ဒေါ်လာ ၂၆၇၅-၂၆၈၅ ဖြင့် စျေးငြိမ်နေသည်။

ပြည်ပရောင်းချသည့် နှမ်း FOB စျေး မြင့်တက်သကဲ့သို့ ပြည်တွင်းစျေးကွက်တွင်လည်း နှမ်းစျေးက အမျိုးအစားအလိုက် စျေးနှုန်းအပြောင်းအလဲများ ရှိနေသည်။ယခုရက်သတ္တပတ် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် နှမ်းနက် (စမုန်) ပြည်တွင်းစျေးက တစ်တန် ကျပ် ၄၀၀,၀၀၀ နီးပါးအထိ စျေးကျဆင်းပြီး နှမ်းညို (သစ်) တစ်တန် ကျပ် ၈၀၀,၀၀၀ ဝန်းကျင် စျေးကျသည်။ နှမ်းဖြူ (ဂျပန်) က တစ်တန် ကျပ် ၃၀၀,၀၀၀ ကျော် စျေးမြင့်တက်လာသည်။

မန္တလေးစျေးကွက်တွင် နှမ်းနက် (စမုန်) တစ်တန် ကျပ် ၁၀၃ သိန်းကျော်မှ ၉၉ သိန်းကျော်၊ နှမ်းညို (သစ်) တစ်တန် ကျပ် ၄,၆၂၀,၀၀၀ ကျော်မှ ၃,၇၄၀,၀၀၀ ကျော်သို့ စျေးပြောင်းပြီး နှမ်းဖြူ (ဂျပန်) တစ်တန် ကျပ် ၄,၆၂၀,၀၀၀ ကျော်မှ ၄,၉၆၀,၀၀၀ ကျော်သို့ စျေးပြောင်းသွားသည်။

ဆီထွက်သီးနှံ နောက်တစ်မျိုးဖြစ်သည့်ပဲပုပ်ကယခုရက်သတ္တပတ် ပြည်တွင်းစျေးအနည်းငယ်မြင့်တက်လာသည်။ ပြည်တွင်းအဓိကစားသုံးသည့် ပဲပုပ်ကဝယ်လိုအားအနည်းငယ်တိုးလာခြင်းကြောင့် ရန်ကုန်စျေးကွက်မှာသာမက မန္တလေးစျေးကွက်တွင် စျေးမြင့်လာသည်။

TIR

ရန်ကုန်ဈေးကွက်တွင် ပဲပုပ် (မြစ်ဝကျွန်းပေါ်) ဆီတိုး တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၇၀၈၅ မှ ၇၀၈၀- ၇၁၇၀ သို့ ဈေး ပြောင်းပြီး ပဲပုပ် (မြစ်ဝကျွန်းပေါ်) ထွက်တိုး တစ်ပိဿာ ကျပ် ၆၉၁၅-၇၀၀၀ ဖြင့် ဈေးငြိမ်နေသည်။

ယခုရက်သတ္တပတ် မန္တလေးဈေးကွက်တွင် ပဲပုပ်ဈေးက တစ်တန် ကျပ် ၁၀၀,၀၀၀ ကျော် ဈေးမြင့်တက်လာသည်။ မန္တလေး ဈေးကွက်တွင် ပဲပုပ် (ဗမာ) တစ်တန် ကျပ် သိန်း ၄၀ ကျော်မှ ၄,၁၄၀,၀၀၀ ကျော်၊ ပဲပုပ် (ရှမ်း) တစ်တန် ကျပ် ၄,၃၇၀,၀၀၀ ကျော်မှ ၄,၄၈၅,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။

**ဈေးနှုန်းအပြောင်းအလဲများသော စားဖိုဆောင်သီးနှံ**

ရန်ကုန်ဈေးကွက်တွင်စားသုံးသူများ၏စိုးရိမ်တကြီးဝယ်လိုအားကြောင့် ဈေးနှုန်းရုတ်တရက် မြင့်တက်လာသည့် ကြက်သွန်နီ က ယခုရက်သတ္တပတ် ဈေးပြန်ကျလာသည်။

ယခုရက်သတ္တပတ် ပထမရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်အဝင် ပိဿာချိန် ၃၄၀,၀၀၀ ကျော်အထိ ဝင်လာသဖြင့် ကြက်သွန်နီဈေး ရုတ်တရက် ပြန်လည်ကျဆင်းသွားခြင်းဖြစ်သည်။

ထို့နောက် ကြက်သွန်နီအဝင် ပုံမှန်အခြေအနေသို့ ပြန်ရောက်လာသဖြင့် ဈေးနှုန်းအနည်းငယ် တက်ယောင်ပြလာသည်။ ယခု ရက်သတ္တပတ် ပြည်ပကြက်သွန်နီဈေးက မြစ်သား 2026 crop တစ်တန် ဒေါ်လာ ၃၇၅-၄၂၀၊ မြစ်သားနယ်စုံ 2026 crop တစ်တန် ဒေါ်လာ ၂၄၅-၃၄၅ ဖြင့် ဈေးငြိမ်နေသည်။

ပြည်တွင်းကြက်သွန်နီဈေးက ဆိတ်ဖြူ (ရှယ်) တစ်ပိဿာ ကျပ် ၁၄၀၀၊ မြစ်သား (ရှယ်) တစ်ပိဿာ ကျပ် ၁၈၀၀ မှ ၂၀၀၀၊ မြင်းခြံ (ရှယ်) တစ်ပိဿာ ကျပ် ၁,၅၀၀၊ မုံရွာ (ရှယ်) တစ်ပိဿာ ကျပ် ၁၈၀၀ မှ ၂၀၀၀ ဈေးဖွင့်သည်။

ယခုရက်သတ္တပတ် ကြက်သွန်ဖြူကလည်း ပြည်တွင်းဈေး ပြန်ကျလာသည်။ တရုတ်မှ တင်သွင်းသည့် ကြူကုတ် ကြက်သွန် ဖြူက တစ်ပိဿာ ကျပ် ၁၄,၀၀၀ မှ ၁၂,၀၀၀ သို့ ဈေးပြောင်းသွားသည်။

ရှမ်းကြက်သွန်ဖြူက အောင်ပန်း ထူး-၂ တစ်ပိဿာ ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၃ တစ်ပိဿာ ကျပ် ၇၅၀၀၊ အောင်ပန်း ထူး-၄ တစ်ပိဿာ ကျပ် ၈,၀၀၀ ဈေးဖွင့်သည်။

**Source : Myanma Awba Group**

## G3G Application ကို အသုံးပြု၍ Door to Door စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဝယ်ယူနိုင်




ပြည်တွင်းထုတ်ကုန်များကို အွန်လိုင်းစနစ်ဖြင့် ဝယ်ယူနိုင်သည့် G3G Application ကို အသုံးပြု၍ စားသုံးဆီများကို Door to Door စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လွယ်ကူစွာ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။

အဆိုပါ G3G Application ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ စားသုံးဆီတရားဝင်ဖြန့်ဖြူးရေးနှင့် ပတ်သက်၍ မိတ်ဆက်ပွဲ အခမ်းအနားကို မတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါ မိတ်ဆက်ပွဲနှင့်အတူ G3G Application ဖွင့်ပွဲကိုလည်း စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းဦးစီးမှူး၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် Golden Gate Global Myanmar Pte., Ltd (G3G Application)မှ CEO တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရပါတယ်။

G3G Application ဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသူ မည်သူမဆို အသုံးပြုနိုင်ပြီး Digital နည်းပညာကို အသုံးပြု၍ မြန်မာ MSME ထုတ်ကုန်များကို Local နှင့် Global အသုံးပြုသူများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စီးပွားရေးတိုးတက်မှု

ကို အားပေးမြှင့်တင်ရန် တီထွင်ထုတ်လုပ်ထားသည့် Application ဖြစ်ကြောင်းလည်း သိရပါတယ်။

**Source: Myanmar Future News Agency**

## ဧည့်မထဆန်(ဟောင်း/သစ်)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)၊ ဆန်ကွဲ B(1,2)/ B(2,3,4)နှင့် ဖွဲနု ဈေးများမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်(သစ်) ဈေးတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင်ဆန်လက်ကျန်၊စပါးလက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၉.၃.၂၀၂၆)ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၃,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်) တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၃,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၀၀ ကျပ်တို့ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

(၁၆.၃.၂၀၂၆)ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) (ဟောင်း)တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ) (သစ်) တစ်အိတ် ၅၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ်၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၂၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၂၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၂၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၃၀၀ ကျပ်ဈေးများမြင့်တက်ကာပေါ်ဆန်းမွှေးဆန်(သစ်)မှာ ဈေးငြိမ်လျက်ရှိနေသည်။

ဧည့်မထဆန်(မနောသုခ)(ဟောင်း)၊ ဧည့်မထဆန်(မနောသုခ)(သစ်)၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)၊ ဆန်ကွဲB(1,2)၊ ဆန်ကွဲ B (2,3,4) နှင့် ဖွဲနုဈေးများမြင့်တက်ရခြင်းမှာ ဝယ်လိုအားများခြင်းကြောင့် ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု




အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခုကိုမတ်လ ၁၅ ရက်က ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးတွင်ခွင့်ပြုပေးလိုက်ကြောင်း သိရပါတယ်။

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့်လျှပ်စစ်ဓာတ်အားကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်လေးခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၁ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေး

ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၀၀၃ သန်းနှင့် ကျပ် ၁,၉၅၅,၅၂၆ ဒသမ ၉၅၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၀၆၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရပါတယ်။

ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် လုပ်ငန်းသုံးမော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ လျှပ်စစ် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ဆိပ်ကမ်းတည်ဆောက်ခြင်းနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ၊ လက်ကိုင်ဖုန်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ဆိုလာပြားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မွေးမြူရေးအစာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများအပြင် အလုပ်အကိုင်အခွင့်အလမ်း များစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်း များလည်း ပါဝင်ကြောင်း သိရပါတယ်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံ မှုအများဆုံးပြုလုပ်သောနိုင်ငံ၊ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားကြောင်း သိရ ပါ တယ်။

**Source :** https://opinionleadersmedia.com/

## ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့တွင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကို လည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးသီးနှံကို စီးပွားဖြစ် စိုက် ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးမျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဖြစ်ပြီးပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံးစိုက် ပျိုးကြကြောင်း၊တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ် စိုက်ပျိုးရပြီး စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါ အဝင် စုစုပေါင်း ငွေကျပ် ၁,၂၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရ၍ တစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်လျက်ရှိရာ သက်တမ်းအနေဖြင့် ၂ လထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ရုံးပတီသီးပိဿာချိန် ၁၈၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀-၂၅၀၀၊ လက်လီ ဈေးတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧက လျှင် ငွေကျပ်ပျမ်းမျှ ၃၀ သိန်းခန့်ရရှိပြီး ဈေးကွက်အနေဖြင့် ရန်ကုန်ကုန်စိမ်းပွဲရုံသို့ ချိတ်ဆက်တင်ပို့ကြောင်း၊ ရုံးပတီပင် သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(ရောဝတီ)**

## အီရန်အရေးကြောင့် ရေနံနှင့် လောင်စာဆီဈေးနှုန်းများ၏ အခြေအနေ

အမေရိကန်နိုင်ငံက အီရန်နိုင်ငံ၏ရေနံတင်သင်္ဘောများကို ဟော်မုဇ်ရေလက်ကြား(Strait of Hormuz)အား ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးစကော့ဘတ်ဆင့်က ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ပြောကြားခဲ့ကြောင်း CNBC သတင်း၌ ဖော်ပြခဲ့သည်။

ကမ္ဘာ့နိုင်ငံများသို့ ရေနံများဖြန့်ဖြူးနိုင်ရန် အီရန်ရေနံတင်သင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းထွက်ခွာခွင့်ပြုခဲ့ကြောင်း၊ အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့၌ ကုန်တင်သင်္ဘောများကို တိုက်ခိုက်ခဲ့မှုကြောင့် ရေနံတင်သင်္ဘောများသည် ဟော်မုဇ်ရေလက်ကြားမှ မထွက်ခွာနိုင်ဘဲရှိကြောင်း၊ သို့ရာတွင် အီရန်နိုင်ငံမှ ရေနံတင်သင်္ဘောများသည် ရေနံစည်သန်းပေါင်းများစွာကို အဆိုပါရေလက်ကြားမှဖြတ်သန်းတင်ပို့လျက်ရှိပြီး တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၅ သန်း အထိတင်ပို့ခဲ့ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးက “အမေရိကန်ရေတပ်နှင့် မဟာမိတ်နိုင်ငံများမှ ကုန်တင်သင်္ဘောများကို ဟော်မုဇ်ရေလက်ကြား၌ လိုက်ပါစောင့်ကြပ်ခြင်းမပြုမီကပင်ရေနံတင်သင်္ဘောများဖြတ်သန်းမှုတိုးတက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသို့ ရေနံတင်ပို့သည့်သင်္ဘောများသည် ဟော်မုဇ်ရေလက်ကြား၌ခေတ္တရပ်နားလျက်ရှိပြီး တရုတ်ရေနံတင်သင်္ဘောများသည် ပင်လယ်ကွေ့မှဖြတ်သန်းထွက်ခွာသွားပြီဖြစ်သည်”ဟု ပြောကြားခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ တင်ဆောင်လာသည့်သင်္ဘော၂၂ စီးနှင့်ပတ်သက်၍ အီရန်နိုင်ငံထံမှ အတည်ပြုချက်ရရှိရန် စောင့်ဆိုင်းလျက်ရှိကြောင်းသိရှိရပြီး ဘဏ္ဍာရေးဝန်ကြီးက စစ်ပွဲရပ်တန့်မည့်အချိန်ကို ၎င်းအနေဖြင့် မသိရှိသော်လည်း စစ်ပွဲပြီးနောက်ပိုင်းတွင် ကမ္ဘာ့တစ်ဝှန်းပိုမိုလုံခြုံ၍ လောင်စာဆီဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ အောက် ကျဆင်းနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းကို လျှော့ချရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ဝင်ရောက်ဆောင်ရွက်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးက အမေရိကန်အစိုးရအနေဖြင့် ငွေကြေးဈေးကွက်အပေါ် ဝင်ရောက်စွက်ဖက်ခြင်းပြုမည်မဟုတ်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်ရန် အခွင့်အာဏာမရှိဟုလည်း ပြောကြားခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍ၌ အကျပ်အတည်းများ ကြုံတွေ့ရပါက အမေရိကန်သမ္မတအနေဖြင့် မဟာဗျူဟာမြောက်ရေနံအရန်လှောင်ထားချက်(Strategic Petroleum Reserve, SPR)ကိုထုတ်ပေးခြင်း ဆောင်ရွက်နိုင်ကြောင်း၊ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းသည် လောင်စာဆီ ရှားပါးခြင်းအပေါ် သက်ရောက်ခြင်းထက် ဘဏ္ဍာရေးဈေးကွက်အပေါ် ပိုမိုသက်ရောက်မှုရှိနိုင်ကြောင်းဖြင့် သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဟော်မုဇ်ရေလက်ကြားရှိရေနံတင် သင်္ဘောများကို ကာကွယ်ရာတွင် မဟာမိတ်နိုင်ငံများအား ကူညီရန်ဖိအားပေးခဲ့ပြီးနောက် လောင်စာဆီဈေးနှုန်းများသည် တည်ငြိမ်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်၊ နံနက်ပိုင်းတွင် Brent ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၂ နှင့် အမေရိကန်နိုင်ငံ၏ West Texas Intermediate (WTI)ဈေးနှုန်းသည် ၉၅ ဒေါ်လာခန့်ရှိခဲ့သည်။

**Source: CNBC**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## ထိုင်းနိုင်ငံအစိုးရက ပို့ကုန်လုပ်ထုံးလုပ်နည်းများကို ချောမွေ့စေရန်၊ စာရွက်စာတမ်းအထောက်အထားများ လျှော့ချရန်နှင့် နိုင်ငံတကာကုန်သွယ်မှုကို အရှိန်မြှင့်တင်ရန်အတွက် ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့မှစ၍ Self-Origin Certification(SOC)စနစ်ကို စတင်ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံအစိုးရက ပို့ကုန်လုပ်ထုံးလုပ်နည်းများကို ချောမွေ့စေရန်၊ စာရွက်စာတမ်းအထောက်အထားများလျှော့ချရန်နှင့် နိုင်ငံတကာကုန်သွယ်မှုကို အရှိန်မြှင့်ရန်အတွက် ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် Self-Origin Certification (SOC) စနစ်ကို စတင်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုသည် ပို့ကုန်လုပ်ထုံးလုပ်နည်းများခေတ်မီစေရန်နှင့် ထိုင်းစီးပွားရေးလုပ်ငန်းများအတွက် ထိရောက်မှုမြှင့်တင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်က အကောက်ခွန်ဆိုင်ရာအကျိုးခံစားခွင့်များအတွက် မူလရင်းမြစ်သက်သေခံလက်မှတ်( C/O) ကိုရှာဖွေသော ပို့ကုန်လုပ်ငန်းရှင်များသည် မှတ်ပုံတင်ခြင်း၊ လျှောက်လွှာတင်ခြင်းနှင့် ထောက်ခံချက်စာရွက် စာတမ်းများတင်သွင်းခြင်းနှင့် လူကိုယ်တိုင်လက်မှတ်များ စုဆောင်းခြင်းတို့အပါအဝင် စာရွက်အခြေခံအဆင့်များဆောင်ရွက်ရန်လိုအပ်ပြီးလုပ်ငန်းစဉ်သည် ရက်ပေါင်းများစွာကြာမြင့်တတ်ကြောင်း၊ SOC စနစ်ဖြင့်၊ လုပ်ထုံးလုပ်နည်းအားလုံးသည် ဒစ်ဂျစ်တယ်ပလက်ဖောင်းသို့ရွှေ့သွားမည်ဖြစ်ကြောင်း၊တင်ပို့သူများသည် လျှောက်လွှာတင်ခြင်း၊ စာရွက်စာတမ်းများUpLoad လုပ်ခြင်း၊အခြေအနေကို ခြေရာခံခြင်းနှင့်လက်မှတ်များကို အွန်လိုင်းတွင် လွတ်လပ်စွာပုံနှိပ်နိုင်ကြောင်း အစိုးရ၏ ဒုတိယအစိုးရပြောရေးဆိုခွင့်ရှိသူ Lalida Periswiwatana က ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများသည် SOC ပလက်ဖောင်းကိုအွန်လိုင်းမှဝင်ရောက် ကြည့်ရှုနိုင်ပြီး နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၏ SMART-I စနစ်ဖြင့် မှတ်ပုံတင်နိုင်ကြောင်း၊ စနစ်သစ်သည် လုပ်ဆောင်ချိန်များကို လျှော့ချရန်၊ စာရွက်စာတမ်းများကို လျှော့ချရန်၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်နှင့်အချိန်နှင့်တစ်ပြေးညီApplicationခြေရာခံခြင်းကို လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ မှတ်ပုံတင်ခြင်းတွင် လွန်ခဲ့သည့်သုံးလအတွင်း ထုတ်ပေးထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ တရားဝင်လက်မှတ်ထိုးသူများအတွက် သက်သေခံကတ်ပြားနှင့် လုပ်ငန်းတည်နေရာမြေပုံတစ်ခုလိုအပ်ကြောင်း၊ ထုတ်လုပ်သူများသည် စက်ရုံလည်ပတ်ခွင့်လိုင်စင်များ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အသေးစိတ်များနှင့် ထုတ်လုပ်မှုနှင့်သိုလှောင်ရုံများ၏မြေပုံများကို တင်ပြရမည်ဖြစ်ကြောင်း၊ SOC စနစ်ကို စတင်အသုံးပြုခြင်းသည် ဒစ်ဂျစ်တယ်အစိုးရဝန်ဆောင်မှုများကို မြှင့်တင်ရန်၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန်၊ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ထိုင်းထုတ်ကုန်များ၏ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းလာစေရန်အတွက် အရေးကြီးသောခြေလှမ်းဖြစ်ကြောင်း သိရသည်။

**Source: NBTWorld**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (18.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,816 (Shares) | 72,868,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 14,000 | +1,500 | +12.00% | 13,000 | 14,000 | 13,000 | 1,270 | 16,686,500 | 33,109,694 | 463,536 |
| MTSH | 00002 | 6,400 | +0 | +0.00% | 6,400 | 6,400 | 6,300 | 1,313 | 8,380,700 | 38,929,150 | 249,147 |
| MCB | 00003 | 9,000 | +400 | +4.65% | 9,000 | 9,000 | 9,000 | 22 | 198,000 | 10,400,986 | 93,609 |
| FPB | 00004 | 4,200 | +250 | +6.33% | 4,000 | 4,300 | 4,000 | 6,785 | 28,354,800 | 29,664,613 | 124,591 |
| TMH | 00005 | 3,300 | +50 | +1.54% | 3,300 | 3,400 | 3,300 | 5 | 16,800 | 12,823,224 | 42,317 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 2,740 | 4,856,750 | 19,977,223 | 35,959 |
| AMATA | 00007 | 3,950 | +0 | +0.00% | 4,000 | 4,100 | 3,950 | 2,304 | 9,128,800 | 10,497,598 | 41,466 |
| MAEX | 00008 | 3,850 | +250 | +6.94% | 3,650 | 3,900 | 3,650 | 1,377 | 5,246,250 | 23,804,946 | 91,649 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary


## Market summary

As of 18th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 605.60 | +36.49 | +6.41% | 579.92 | 605.60 | 579.92 | 15,816 | 72,868,600 | 8 | 1,142,274 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 16,219 (Shares) | 74,518,150 (MMK) |

### Main Board

As of 1:00 pm, 18th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,816 (Shares) | 72,868,600 (MMK) |

| MYANPIX | 605.60 ▲ 36.49 |
|---|---|
| Total Volume (shares) | 15,816 |
| Total Value (MMK) | 73 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,142,274 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 14,000 | ▲ 1,500 |
| MTSH | 00002 | 6,400 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 400 |
| FPB | 00004 | 4,200 | ▲ 250 |
| TMH | 00005 | 3,300 | ▲ 50 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,850 | ▲ 250 |